## စစ်အစိုးရအနေဖြင့် ပြည်သူလူထုဆန္ဒကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း အတိုက်အခံများပြောဆို
၄ ဒီဇင်ဘာ ၂၀၀၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) နဲ့ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲရေးမှာ ပါဝင်ခွင့်မရှိဘူးလို့ မနေ့က နေပြည်တော်မှာကျင်းပသွားတဲ့ သတင်းစာရှင်းလင်းပွဲမှာ စစ်အစိုးရက ပြောဆိုခဲ့တာဟာ နဂိုကတည်းက စစ်အစိုးရက မျက်ကွယ်ပြုထားတဲ့ကိစ္စဖြစ်ပြီး သူတို့ရဲ့ရှေ့လုပ်ငန်းစဉ်အပေါ် နိုင်ငံတကာက ဘယ်လိုတုံ့ပြန်လာမလဲဆိုတာကို သွေးတိုးစမ်းကြည့်လိုက်တာဖြစ်တယ်လို့ ပြည်ပရောက်နေတဲ့ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေက တုံ့ပြန်ပြောဆိုပါတယ်။ ဒီအကြောင်းအသေးစိတ်ကို ကိုဇော်ဝင်းလှိုင်က စုစည်းတင်ပြထားပါတယ်။

ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတဲ့အထဲမှာတော့ အဲန်အယ်လ်ဒီတို့၊ ဒေါ်အောင်ဆန်းစုကြည်တို့ကို နံမည်တပ်ပြောမသွားပေမယ့် သူက ပုဂ္ဂိုလ်တဦးတယောက်ရဲ့အကြံဉာဏ်ကို မလိုအပ်ပါဘူးလို့ ပြောသွားတာကိုကြည့်ရင် ဘယ်သူ့ကို ရည်ညွှန်းပြောဆိုသွားတယ်ဆိုတာ သိသာပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အစိုးရကခန့်အပ်ထားတဲ့ ဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့ (၄) ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီးတဲ့နောက်မှာ အခုလို စစ်အစိုးရဘက်က ပြောဆိုလာတာဟာ တွေ့ဆုံဆွေးနွေးရေးဖြစ်ပေါ်ဖို့ စစ်အစိုးရဘက်က တကယ်လိုလားပါရဲ့လားလို့ မေးခွန်းထုတ်စရာ ဖြစ်လာပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကိစ္စတွေမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ အဓိက အတိုက်အခံပါတီ အဲန်အယ်လ်ဒီနဲ့ ပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပါဝင်ခွင့်မပြုတဲ့ကိစ္စဟာ နဂိုကတည်းက စစ်အစိုးရကိုယ်၌က မျက်ကွယ်ပြုထားတဲ့ကိစ္စဖြစ်တယ်လို့ အမျိုးသားညွန့်ပေါင်းအစိုးရ **(NCGUB)** ဝန်ကြီးတဦးလည်းဖြစ်၊ မိုးကုတ်မြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၂) က ရွေးကောက်တင်မြှောက်ခံခဲ့ရတဲ့ အဲန်အယ်လ်ဒီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်တဲ့ ဦးဘိုလှတင့်က ဆိုပါတယ်။

> “တကယ်တမ်းဆိုရင် ဒါဟာ အစကတည်းကိုက နအဖကိုယ်တိုင်က ပြောင်ပြောင်တင်းတင်း မျက်ကွယ်ပြုထားပြီးသားဖြစ်တော့လည်း ပြောရတာခက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါဟာ ပြည်သူလူထုက တခဲနက် ရွေးကောက်ကတဆင့် ဒီမိုကရေစီအရ ရွေးကောက်တင်မြှောက်ထားတဲ့ ခေါင်းဆောင် တယောက်ရဲ့ အခန်းကဏ္ဍကို အသိအမှတ်မပြုဘူးဆိုတာ ပြည်သူလူထုရဲ့ဆန္ဒကို အသိအမှတ်မပြုဘူးလို့ ပြောတာနဲ့ အတူတူပါပဲ။
>
> “ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုခဲ့တာ အနှစ် ၂၀ အတွင်းကို ဝင်ရောက်လာပြီဆိုတဲ့ အခါကျတော့လည်း နအဖကို အခုအချိန်ကျမှ အပြစ်ပြောနေတာ အပိုပဲဖြစ်ပါတယ်။ တကယ်တော့ နအဖဟာ ပြည်သူလူထုရဲ့ဆန္ဒ၊ ရွေးကောက်ပွဲရလဒ်နဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့အခန်းကဏ္ဍကို အစကတည်းက အသိအမှတ်ပြုချင်တာ မဟုတ်ပါဘူး။ အခုလည်းပဲ ဒီသဘောထားကိုပဲ ထပ်တလဲလဲဖော်ပြတာဖြစ်တယ်။ ဒါပေမယ့် ဒီလိုဖော်ပြခြင်းအားဖြင့် မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီရေး ဦးတည်နေတာမဟုတ်ဘူး၊ အားလုံးကနေ ဝိုင်းပြီး ထောက်ပြနေကြတဲ့ စစ်အာဏာရှင်စနစ် တည်မြဲရေးလမ်းကြောင်းကိုသာ သွားနေတာဖြစ်တယ်လို့ နအဖကိုယ်၌က တိတိလင်းလင်းထုတ်ဖော်ပြောဆိုနေတယ်လို့ ပြောချင်ပါတယ်”

*စစ်အစိုးရက ဒီလိုလေသံမျိုးပစ်လာတယ်ဆိုတော့ သူကတော့ နိုင်ငံတကာက ဘယ်လောက်ပဲဖိအားပေးပေး၊ ပြည်တွင်းအတိုက်အခံအင်အားစုတွေက ဘယ်လောက်ပဲ ကန့်ကွက်နေနေ၊ လမ်းပြမြေပုံ ၇ ချက်အတိုင်း သူလုပ်ချင်တာကို လုပ်သွားမယ်၊ အတိုက်အခံတွေကိုလည်း ဂရုမစိုက်ဘူး၊ ပြည်သူလူထုရဲ့အသံကိုလည်း ဂရုမစိုက်ဘူးဆိုတော့ အတိုက်အခံတွေဘက်က ဘာများဆက်လုပ်နိုင်ပါသေးလဲ။*

> “ကျနော်တို့က ဒီကနေ့ တိုင်းပြည်ရဲ့ပကတိအခြေအနေအရ ကျနော်တို့တိုင်းပြည်မှာ တပ်မတော်နဲ့ ပြည်သူလူထုနဲ့၊ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ ဒီမိုကရေစီ

ခေါင်းဆောင်တွေ စုံစုံညီညီနဲ့ တယောက်နဲ့တယောက် အပြန်အလှန်လေးစားမှုနဲ့ အဖြေရှာတာဟာ အကောင်းဆုံးဖြစ်တယ်လို့ ယုံကြည်တဲ့အတွက် ကျနော်တို့ တစိုက်မတ်မတ်တောင်းဆိုတယ်၊ ဒီအခြေအနေတွေဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

"ရှေ့ဆက်ပြီးတော့လည်း ကျနော်တို့က ပြည်တွင်းက ပြည်သူလူထုဖိအား၊ နိုင်ငံတကာ တနိုင်ငံချင်းအစိုးရများရဲ့ စီးပွားရေးအရ၊ သံတမန်ရေးအရ၊ နိုင်ငံရေးအရ ဖိအားတွေဆက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်သလို ကုလသမဂ္ဂရဲ့ ကြားဝင်ဆောင်ရွက်မှုကိုလည်း ဒီ့ထက်ပိုပြီးတော့ လေးနက်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နအဖအနေနဲ့ ဒီလိုနိုင်ငံတကာရဲ့ဖိအားတွေကို အခုအချိန်မှာ မထေမဲ့မြင်ပြုနေတယ်ဆိုတာကိုက တပ်မတော်ရဲ့အကျိုး၊ တိုင်းပြည်ရဲ့အကျိုးကို ပိုပြီးတော့နစ်နာစေတယ်ဆိုတာ နအဖခေါင်းဆောင်တွေလည်း သိမှာဖြစ်သလို တိုင်းပြည်ကိုလည်း ကျနော်တို့ တိတိလင်းလင်းပြောချင်ပါတယ်။

"အခုလို သဘောထားတင်းမာပြီးတော့ ငါ့မြင်းငါ့ဆိုင်း၊ စစ်ကိုင်းရောက်ရောက်သွားနေတဲ့ တပ်မတော်ခေါင်းဆောင်တွေ တိုင်းပြည်မှာ မရှိအပ်ဘူး၊ အဲဒီလိုလူတွေကို တပ်မတော်သားတွေအပါအဝင် တတိုင်းတပြည်လုံးက ပြတ်ပြတ်သားသားဆန့်ကျင်သင့်တယ်လို့ ဒီအချိန်မှာ ပွင့်ပွင့်လင်းလင်းပြောရမှာဖြစ်ပါတယ်"

ဒါကတော့ NCGUB ဝန်ကြီး ဦးဘိုလှတင့် ပြောသွားတာပါ။

ဒီကိစ္စနဲ့ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အင်္ဂလန်နိုင်ငံရုံးခွဲရဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်ကတော့ စစ်အစိုးရက သူတို့ရှေ့ဆက်လုပ်မယ့် လုပ်ငန်းစဉ်တွေအပေါ် နိုင်ငံတကာက ဘယ်လိုတုံ့ပြန်လာမလဲဆိုတာကို အကဲစမ်းကြည့်တာလို့ ဆိုပါတယ်။

"ဒါကတော့ စစ်အုပ်စုအနေနဲ့ သူတို့ဆက်သွားမယ့်ဟာကို အကဲစမ်းကြည့်တာပေ့ါ။ နိုင်ငံတကာက ဘယ်လိုတုံ့ပြန်မှုတွေလာမလဲ၊ ပြည်တွင်းက ဘယ်လိုတုံ့ပြန်မလဲဆိုတာ သွေးတိုးစမ်းကြည့်တဲ့သဘောလို့ ကျနော်ထင်တယ်။ ကျနော်တို့ပြောပြောနေတဲ့ မီးစတဖက်၊ ရေမှုတ်တဖက်ဆိုတာ အခုလက်တွေ့ပြလိုက်တာပဲ။ သူတို့ နိုင်ငံတကာကိုတော့ ဒီမိုကရေစီလမ်းကြောင်းကိုလျှောက်မယ်၊ အမျိုးသားသွေးစည်းညီညွတ်ရေးကိုလုပ်မယ်ဆိုပြီး သူတို့လုပ်နေတာတွေက ဆက်ပြီးဖမ်းနေတယ်၊ ဆက်ပြီးနှိပ်စက်နေတယ်၊ ဆက်ပြီးထောင်ချနေတယ်။

"အခုတခါ မဂ္ဂင်ကျောင်းကိုလည်း သူတို့သိမ်းလိုက်တယ်။ ဆရာတော်ကြီးကို လူဝတ်လဲပြီးတော့ ပြန်ပို့လိုက်တယ်။ ခုလည်း ထပ်ပြီးတော့ ဒီလို နေပြည်တော်မှာ သတင်းစာရှင်းလင်းပွဲ လုပ်တယ်ဆိုတာ သူတို့ကို ဆုပေးဒဏ်ပေးလုပ်မယ်ဆိုတာတွေကို သူတို့က ဘယ်လိုလုပ်မလဲဆိုတာ လုပ်ကြည့်လိုက်တာပေ့ါ၊ သွေးတိုးစမ်းတာပေ့ါဗျာ။ သူတို့ဒီလို ရှေ့တလှမ်းလှမ်းရင် ဘာတွေဖြစ်မလဲ၊ ပြည်သူ ငြိမ်ခံနေမလား၊ နိုင်ငံတကာမိသားစုတွေက ငြိမ်ခံနေမလားဆိုတာ စမ်းကြည့်တဲ့သဘောပေ့ါ။ သူတို့သွားချင်တဲ့လမ်းကို သူတို့ချည်းပဲ သွားလို့ရမလားဆိုတာ စမ်းကြည့်လိုက်တဲ့သဘောပေ့ါ။

"ဒါကို ကျနော်တို့ကနေ တုံ့ပြန်ဖို့လိုပါတယ်။ ဒီလိုလုပ်လို့မရဘူး၊ အာဆီယံလည်းပြောထားတယ်၊ အရင်ကလို ဗိုလ်နေမြဲ၊ ကျွားနေမြဲ ပြန်နေလို့မရဘူးဆိုတာ ပြောထားတယ်။ နောက် ပြင်သစ်သမ္မတ ဆာကိုဇီတို့၊ မစ္စတာဘုရှ်တို့၊ တရုတ်ပြည်တို့ကတောင် အမြန်ဆုံးလုပ်ဖို့ကောင်းနေပြီ၊ ပြင်ဖို့ကောင်းနေပြီဆိုပြီး ပြောနေတဲ့ကြားထဲက သူတို့လုပ်တယ်ဆိုတာ ရှင်းနေတာပဲ။ သူတို့သွေးတိုးစမ်းကြည့်တယ်၊ တုံ့ပြန်ချက်က ဘယ်လိုလာမလဲဆိုတာ စမ်းသပ်ကြည့်တာပဲ။

"ဒါကို ကျနော်တို့ဘက်ကနေ ပြင်းပြင်းထန်ထန်၊ ဥပမာဆိုလို့ရှိရင် လာမယ့် ၆ ရက်နေ့ကျရင် ဗြိတိသျှပါလီမန်ထဲမှာ ၃ နာရီကြာ Burma Debate ရှိတယ်။ အဲဒီမှာ ဒီကိစ္စကို အကြီးအကျယ် ဆွေးနွေးလိမ့်မယ်၊ အီးယူကလည်း အကြီးအကျယ် အက်ရှင်ပြန်ယူလိမ့်မယ်၊ ယူအန်ကလည်း ယူလိမ့်မယ်၊ ယူအန်ကလည်း Binding Resolution တွေချဖို့ လုပ်လိမ့်မယ်၊ အမေရိကန်ကလည်း ပြင်းထန်တဲ့ Sanction တွေ ချလာလိမ့်မယ်။ ဒါကတော့ ရှင်းရှင်းလေးပဲ။ အဲတော့ သူ့ဘက်ကိုယ့်ဘက် အပြိုင်လုပ်ရမှာပဲ။ ပြည်သူ

ကလည်း ငြိမ်ခံမနေဘဲနဲ့ လူထုလှုပ်ရှားမှုတွေ ပိုပြီးလုပ်ပြရမယ်။ ဒါမှသာလျှင် အပြင်ကနေ ပိုပြီးတော့ ဖိအားတွေပေးလာနိုင်မယ်”

ဒေါက်တာဝင်းနိုင်ရဲ့ တုံ့ပြန်ပြောဆိုချက်ဖြစ်ပါတယ်။